အတွင်းရှိ လေထုထဲတွင် မိနစ်ပေါင်းများစွာကြာမြင့်သည်အထိ ရှိနေနိုင်၍ ၎င်းလေကို ရှူရှိုက်မိရာမှတစ်ဆင့်လည်း ကူးစက်ခြင်းခံရနိုင်ပါသည်။

ဗိုင်းရပ်စ်ပိုးများ လေထဲမှတစ်ဆင့်လွင့်မျောကူးစက်မှု(aerosol transmission)ကို ကာကွယ်နိုင်ရန်အတွက် အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ရမည်။ မျက်နှာချင်းဆိုင်ပြတင်းပေါက်များ၊ တံခါးများဖွင့်ထား၍ လေဝင်/ လေထွက် (Cross Ventilation) ကောင်းစေရန် ဆောင်ရွက်ရမည်။

(၃) ဒုတိယအဓိကကူးစက်မှုပုံစံအနေဖြင့် တစ်ဆင့်ခံကူးစက်ခြင်းဖြစ်ကာ ဗိုင်းရပ်စ်ပိုး ကပ်တင်၍ ရှိနေသည့် အရာဝတ္ထုပစ္စည်းများကို လက်ဖြင့် ထိတွေ့ကိုင်တွယ်မိခြင်းမှတစ်ဆင့် ဗိုင်းရပ်စ်ပိုးသည် လက်တွင် ကပ်ငြိပါသွားကာ ထိုလက်ဖြင့် နှာခေါင်း၊ ပါးစပ်နှင့် မျက်စိတို့ကို ထိတွေ့ကိုင်တွယ်မိရာမှတစ်ဆင့် ရောဂါပိုးဝင်ရောက်ကူးစက် ခြင်းဖြစ်ပါသည်။ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးရှိသူထံမှထွက်လာသော ဗိုင်းရပ်စ်ပိုးပါဝင်သည့်အစက်အမှုန် (Droplets) များသည် အနီးပတ်ဝန်းကျင်ရှိ အရာဝတ္ထုများနှင့်မျက်နှာပြင်များပေါ်သို့ ပျံ့နှံ့ရောက်ရှိ၍ ၎င်းအရာဝတ္ထုများပေါ်တွင်ကိုရိုနာဗိုင်းရပ်စ်ပိုးရှိနေနိုင်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးသည် သတ္တုပစ္စည်းများ၊ ကြွေထည်ပစ္စည်းများနှင့် ဖန်ပစ္စည်းများပေါ်တွင် (၅)ရက်အထိ၊ စက္ကူပေါ်တွင် မိနစ်အနည်းငယ်မှ (၅)ရက်အထိ၊ သစ်သားပေါ်တွင်(၄)ရက်အထိ၊ ပလတ်စတစ်နှင့် စတီးများပေါ်တွင်(၂)ရက်မှ(၃)ရက်အထိ၊ကတ်ထူစက္ကူပေါ်တွင်(၂၄)နာရီနှင့် ကြေးနီပေါ်တွင်(၄)နာရီအထိ အသက်ရှင်နေထိုင်၍ ကိုင်တွယ်ထိတွေ့မိသူများ၏လက်တွင် ဗိုင်းရပ်စ်ပိုးများ ပါဝင်ကပ်ငြိနိုင်ခြင်းဖြစ်ပါသည်။

လက်တွင် ကပ်တင်ကျန်နေသော ကိုရိုနာဗိုင်းရပ်စ်ပိုးများသည် ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ နှံ့စပ်စွာ စနစ်တကျလက်ဆေးသည့်အခါတွင် ဆပ်ပြာမော်လီကျူးများနှင့်ထိတွေ့၍ ကိုရိုနာဗိုင်းရပ်စ်ပိုး၏ အပေါ်ယံအဆီမျက်နှာပြင်လွှာကိုပျက်စီးစေပြီး စက္ကန့်(၂၀)ခန့်အကြာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးအား အပိုင်းပိုင်းဖြစ်၍ပျက်စီးသွားစေပါသည်။ ပျက်စီးသေဆုံးသွားသည့် ကိုရိုနာဗိုင်းရပ်စ်ပိုးသည် လူ့ခန္ဓာကိုယ်ကလာပ်စည်းအတွင်းသို့ဝင်ရောက်ပြီး ပြန့်ပွားခြင်းမပြုလုပ်နိုင်တော့ပါ။ ထို့ကြောင့် ဆပ်ပြာနှင့်ရေကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀) ကြာအောင် မကြာခဏ စနစ်တကျနှံ့စပ်စွာဆေးကြောရန်လိုအပ်ပါသည်။ ဆပ်ပြာနှင့်ရေ အလွယ်တကူမရရှိနိုင်သောနေ ရာများတွင်အယ်ကိုဟောလ်အနည်းဆုံး (၆၀)ရာခိုင်နှုန်းနှင့် အထက်ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်ကိုအသုံးပြုနိုင်ပါသည်။